
mgyloe.com

# မဃေဒေး နဲ့
# နိုင်ငံရပ်ခြားပုံပြင်များ




ဘဘသက် - မြန်မာပြန်

mgyoe.com



# မသေဆေးနဲ့ နိုင်ငံရပ်ခြားပုံပြင်များ

ဘာသာသက် - မြန်မာပြန်



BBT0011
1,300.00 KS

mgyoe.com

မသေသေးနဲ့ နိုင်ငံရပ်ခြားပုံပြင်များ။ ဘာဘာသက်
စာမျက်နှာ ၉၄ မျက်နှာ၊ ၁၂•၈ စင်တီ× ၁၈•၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဇွန်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁၃၀၀ ကျပ်

*email: skccplı@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# မသေသေးနဲ့ နိုင်ငံရပ်ခြားပုံပြင်များ

ဘဘသက်

မြန်မာပြန်

ပထမအကြိမ်၊ ၂၀၀၉

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | တိုက်ကူတာရို | ၁ |
| ၂။ | မသေဆေး | ၁၇ |
| ၃။ | ကျားပျိုမယ် | ၃၀ |
| ၄။ | ငြိမ်းချမ်းရေးလုလင် ရှော့ဖ် | ၅၁ |
| ၅။ | မောင်တင်နှင့် သူ့ရဲ့ကြောင်လေး | ၆၅ |
| ၆။ | ခွေးကလေး သို | ၇၈ |
| ၇။ | ဂျင်ဂျာရဲ့ပုံပြင် | ၈၇ |


❖

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# တိုကူတာရို

## အခန်း(၁)

ကာနာယာနဲ့ ဇနီးဖြစ်သူ ကီဂျူတို့မောင်နှံဟာ ဂျပန်နိုင်ငံမှာရှိတဲ့ ရွာလေးတစ်ရွာမှာ နေထိုင်ကြပါတယ်။ သူတို့မှာ လှပတဲ့ ပစ္စည်းတွေ အများကြီးရှိပေမဲ့ နှစ်ဦးစလုံးရဲ့ရင်ထဲမှာ ပျော်ရွှင်ချမ်းမြေ့မှုတော့ မရှိရှာဘူးတဲ့ ကလေးတို့ရေ။

ဘာဖြစ်လို့ မပျော်ရွှင်ရတာတုံးဆိုတော့ သူတို့မောင်နှံမှာ ရင်သွေး မရှိလို့ပါ။ ကလေးချစ်တတ်တဲ့ သူတို့မောင်နှံမှာ ကိုယ်ပိုင်ရင်သွေးတစ်ယောက်မှမရှိတော့ ရင်ထဲမကောင်းဘဲ ဖြစ်နေတာပေါ့ကွယ်။ ကလေးလိုချင်တာမှ သူတို့နှစ်ယောက် ဖျတ်ဖျတ်လူး။

ညဘက်ရောက်ပြီဆိုရင် ဇနီးဖြစ်တဲ့ ကီဂျူဟာ ပြတင်းပေါက်နားသွားပြီး ကောင်းကင်ကြီးကို မော့ကြည့်ကာ သူတို့ရဲ့ နတ်ဘုရား ဂျီဇိုထံ ဆုတောင်းရတာကလည်း အမော။

"ရင်သွေးရတနာ ချီးမြှင့်တော်မူပါ အရှင်နတ်ဘုရား။ တပည့်

mgyoe.com

mgyoe.com

တော်မတို့ အသက်အရွယ်လည်း ထောက်လာပြီဖြစ်တာကြောင့် သား ယောကျ်ားလေးဖြစ်ဖြစ်၊ သမီးလေးဖြစ်ဖြစ် ချီးမြှင့်တော်မူပါဘုရား” လို့ ကောင်းကင်ကြီးကိုကြည့်ကာ ညတိုင်း ဆုတောင်းရှာသတဲ့ကွယ်။ အသက်အရွယ်ထောက်လာရင် ကလေးမရဘဲနေမှာကို စိတ်ပူတာပေါ့ ကွယ်။ ဒါ့ကြောင့် သူ့ခမျာ ဂျီဇိုနတ်ဘုရားထံ ညတိုင်း ဆုတောင်း ရှာတာပေါ့။ သနားစရာကောင်းတဲ့ မောင်နှံနှစ်ယောက်ပါပဲ ကလေးတို့ ရေ။

ကီဂျူ ဘယ်လိုဆုတောင်းပေမဲ့ သူတို့မောင်နှံမှာ ကလေးမရဘဲ ဖြစ်နေသတဲ့ကွယ်။ နတ်ဘုရား ဂျီဇိုက သူ့ဆုတောင်းသံကို မကြားဘဲ နေလေရော့သလား။

တစ်နေ့မှာတော့ ကီဂျူတစ်ယောက် ဈေးဆိုင်တန်းတွေဘက်ကို ထွက်သွားသတဲ့ကွယ်။ အဲဒီညနေဘက်မှာ ကီဂျူဟာ ပျော်ရွှင်မြူးထူးစွာ နဲ့ အိမ်ကိုပြန်လာခဲ့ပါသတဲ့။ ဈေးဆိုင်တန်းတွေဆီကနေ အိမ်ကို ပျော် ရွှင်မြူးထူးစွာနဲ့ ပြန်လာတဲ့ ဇနီးဖြစ်သူကို တွေ့လိုက်ရတော့ ခင်ပွန်းသည် ကာနာယာက စိတ်ထဲ ဆန်းသလိုဖြစ်သွားပြီး အခုလိုမေးလိုက်ပါသတဲ့။

“ဟဲ့ ရှင်မ... ဘာအကြောင်းတွေကြောင့် အခုလို ပျော်နေရတာ တုံး” လို့ မေးလိုက်တော့ ကီဂျူက...

“ကဲ... ဟောဒီမှာကြည့် ယောကျ်ားရေ...” ဆိုပြီး လက်ထဲပိုက် လာတဲ့ သေတ္တာတစ်လုံးကို ဖွင့်ပြလိုက်သတဲ့။ အဲဒီသေတ္တာထဲကို ကာနာ ယာ ကဲကြည့်လိုက်တော့ တွေ့လိုက်ရတာက... တကယ့်ကို လှပတဲ့ အရုပ်လေးတစ်ရုပ်ပဲတဲ့ကွယ်။

အဲဒီအရုပ်ကို သူ့ယောကျ်ား တွေ့လိုက်ရတဲ့အချိန်မှာပဲ...

“အဲဒါ တိုကူတာရိုပေါ့ ယောကျ်ားရဲ့” လို့ ကီဂျူက ပြောလိုက် ပါသတဲ့။ အရုပ်ကလေးက လှလိုက်တာတဲ့ ကလေးတို့ရေ။ ယောကျ်ား

mgyoe.com

mgyoe.com


ဖြစ်တဲ့ ကာနာယာလည်း အရုပ်ကလေးကို ကြည့်ရင်းနဲ့...

"မင်းအရုပ်ကလေးက တကယ့်ကလေးလေးလိုပဲကွာ။ အရုပ်နဲ့တောင် မတူဘူး" လို့ ပြန်ပြောလိုက်သတဲ့။

"တကယ်ရော အသက်ဝင်နေတာလားကွာ။ မင်း ဘယ်က ဒါကို ရလာတာတုံး။ ကိုယ့်ကို ပြောစမ်းပါဦး" လို့လည်း မေးလိုက်ပြန်သတဲ့ ကလေးတို့ရေ။ ဟုတ်တယ်လေ... အရုပ်ကလေးကလည်း တကယ့်ကို အသက်ဝင်ပြီး ကလေးလေးတစ်ယောက်လို့တောင် ထင်မှတ်မှားရတာ ကိုး။

သူ့ယောကျ်ား သိပ်အံ့သြနေမှန်းသိတော့ ကီဂျူက...

"ကဲပါ မောင်ကြီးရယ်... ရှင်မ ရှင်းပြပါ့မယ်၊ နားထောင်" ဆိုပြီး တော့...။

*

**အခန်း(၂)**

"ပြီးခဲ့တဲ့အပတ်ထဲတုန်းက ကျွန်မ ဆိုင်လေးတစ်ဆိုင်ကို ရောက်သွားခဲ့တယ်။ အဲဒီဆိုင်ထဲမှာ အရုပ်လေးတစ်ရုပ်ကို တွေ့လိုက်ရတယ် မောင်ကြီးရဲ့။ မြင်မြင်ချင်းပဲ အဲဒီအရုပ်လေးကို ကျွန်မ ချစ်မိသွားတယ်။ ကြည့်လို့ကို မဝနိုင်ဘူး။ ဒါနဲ့ ကျွန်မ အိမ်ပြန်ခဲ့တယ်။

အိမ်ပြန်ရောက်တော့လည်း မောင်ကြီးရယ်... ဒီချစ်စရာကောင်းတဲ့ အရုပ်ကလေးရဲ့ပုံရိပ်ဟာ ကျွန်မ ခေါင်းထဲကကို မထွက်ဘူး။ သူ့မျက်လုံးလေးတွေနဲ့ ကျွန်မကို ပြန်စိုက်ကြည့်နေတာများ တကယ့်ကို အသက်ရှိ ကလေးလေးလိုပါပဲရှင်။ ဒါနဲ့ နေ့တိုင်း အဲဒီဆိုင်ကို သွားတယ်။ အဲဒီအရုပ်ကလေးကိုကြည့်တယ်။ အဲဒီအရုပ်လေးကလည်း ကျွန်မကို ပြန်စိုက်ကြည့်နဲ့၊ အဲဒါ နေ့တိုင်းပဲ မောင်ကြီးရဲ့။

mgyoe.com

mgyoe.com


အဲဒီလိုနေလာရင်းနဲ့ လေးရက်မြောက်မှာပဲ ကျွန်မ မနေနိုင်တော့ဘူး။ ဆိုင်ရှင်ကို ကျွန်မမေးလိုက်မိတယ်။

'ဒီအရုပ်လေးက ဘယ်လောက်ပါလဲရှင့်'

'ဒီအရုပ်က ရို* ၂၀ ပါခင်ဗျ'

ဒါနဲ့ ကျွန်မလည်း ဆိုင်ရှင်ကို ဘာမှဆက်မပြောဘဲ ပြန်လှည့်ထွက်လာခဲ့ရတယ်။ ဟုတ်တယ်လေ ယောကျ်ားရဲ့၊ ကျွန်မတို့ ဆင်းရဲသားတွေ ရို ၂၀ ဘယ်တတ်နိုင်ပါ့မလဲ။ စိတ်ထဲမှာ ဝမ်းနည်းလိုက်တာလေ။

အပိုင်လည်း မဝယ်နိုင်၊ အရုပ်ကလေးကိုလည်း မတွေ့ရမနေနိုင်လေတော့ နေ့တိုင်းပဲ အဲဒီဆိုင်လေးကို သွား၊ အရုပ်ကလေးကိုကြည့်၊ ပြီးတော့ အိမ်ပြန် လုပ်ရတာပေါ့ကွယ်။

ဒီနေ့ကျတော့ ဆိုင်ရှင်က ကျွန်မကို အရုပ်လေးနဲ့ပတ်သက်ပြီး ထူးဆန်းနေတာကို ပြောပြပါတယ်။

'ဒီအရုပ်ကလေးအကြောင်း အစ်မကြီးကို ပြောပြရဦးမယ်။ တော်တော့်ကို ထူးဆန်းတဲ့ အရုပ်ကလေးပါ။ ဒီတစ်ပတ်လုံး ဒီအရုပ်ကလေးကို ကြည့်ရတာ ဝမ်းနည်းနေတဲ့ပုံပဲ။ မျက်လုံးမှာလည်း မျက်ရည်စလေးတွေနဲ့ စိုစွတ်လို့၊ အရုပ်နဲ့တောင် မတူတော့ဘူး အစ်မကြီးရယ်။

'အဲ... မနေ့ညမှာတော့ ကျွန်တော် အိပ်မပျော် အိပ်မက်ထဲမှာ ဂျိဇိုနတ်ဘုရားမက ကျွန်တော့်ကို အိပ်မက်ပေးပါတယ်။ ဂျိဇိုက အိပ်မက်ထဲမှာ ဘာမိန့်သလဲဆိုတော့ မင်း ဒီအရုပ်ကလေးကို ကီဂျူဆိုတဲ့ အမျိုးသမီးကို ပေးလိုက်လို့ မိန့်ပါတယ်။ ဒီအရုပ်ကို သူ့ရကိုရရမှာလို့လည်း အရှင်မက ထပ်ပြောပါသေးတယ်'

---

* ရိုမှာ ရှေးခေတ် ဂျပန်နိုင်ငံသုံး ငွေကြေးဖြစ်သည်။

mgyoe.com

mgyoe.com


အဲဒီလို ဆိုင်ရှင်က ကျွန်မကို ရှင်းပြပြီးတော့ မောင်ကြီးရယ်...

'ကဲ... ဟောဒီမှာအရုပ်၊ အစ်မကြီး ယူသွားပေတော့။ သူ့ရဲ့နာမည်က တိုကူတာရို' ဆိုပြီး ကျွန်မကို ပေးလိုက်ပါလေရောရှင်။

ဒါနဲ့ ကျွန်မလည်း အရုပ်ကိုမယူခင် ဆိုင်ရှင်ကို...

"ဟောဒီမှာ ကျွန်မ တတ်နိုင်တာက ငါးရိပါပဲရှင်။ အဲဒီပိုက်ဆံလေးတော့ လက်ခံပေးပါဆိုပြီး ဆိုင်ရှင်လက်ထဲ ပိုက်ဆံထည့်၊ အရုပ်ကိုယူလာခဲ့တော့တာပဲ မောင်ကြီးရေ"

ဇနီးဖြစ်သူက ရှင်းပြအပြီးမှာ ကာနာယာက အရုပ်ကို နောက်တစ်ခါ ကြည့်တဲ့ပြီး...

"လှလိုက်တဲ့ အရုပ်ကလေးကွာ" လို့ ပြောလိုက်ပါသတဲ့။ အရုပ်ကလေးက တကယ်လည်း အသက်ဝင် ချစ်စရာကောင်းနေတာကိုး။

ကီဂျူကလည်း "ဟုတ်ပ့ါ ယောက်ျားရယ်၊ မောင်ကြီးရော ဒီအရုပ်ကို ချစ်တယ်မဟုတ်လား။ ကျွန်မတော့ ဒီအရုပ်ကလေးရလိုက်တာ အရမ်း အရမ်းကို ဝမ်းသာတာပါပဲရှင်" လို့ ပြန်ပြောလိုက်ပါသတဲ့ ကလေးတို့ရေ။

သူတို့ဇနီးမောင်နှံ ဒီအရုပ်ကလေးကို ရလိုက်လို့ ပျော်တပြုံးပြုံး ဖြစ်နေတာပေါ့ကွယ်။

"ဟုတ်တယ်၊ ဟုတ်တယ်၊ ကိုယ်လည်း ဒီအရုပ်ကလေးကို ချစ်လိုက်တာ။ ဒီအရုပ်ကလေးယူလာတဲ့အတွက်လည်း ရှင်မကို ကျေးဇူးတင်ပါတယ်ကွယ်။ ဒီအချိန်ကစလို့ တို့လင်မယား ဒီအရုပ်ကလေး အပေါ်မှာပဲ ပုံပြီး ချစ်ကြတာပေါ့ကွယ်။ အသက်ရှိတာ မရှိတာ အပထား" လို့လည်း ခင်ပွန်းဖြစ်သူက ပြောလိုက်ပါသတဲ့။

ခင်ပွန်းရဲ့ အဲဒီစကားကို ကြားလိုက်ရတော့ ကီဂျူက "အသက်မရှိဘူးလို့တော့ မပြောလိုက်နဲ့ ယောက်ျားရဲ့။ ရှင့်ကို ရှင်းပြရဦးမယ်။

mgyoe.com

mgyoe.com


မနေ့ကလေ အမျိုးသမီးတစ်ယောက်က ကျွန်မကို ပြောတယ်ရှင့်…” ဆိုပြီး အခုလို ရှင်းပြပါသတဲ့ကွယ်။

“အဲဒီအမျိုးသမီးက ဘာပြောသလဲဆိုတော့ တစ်ချိန်တုန်းက အခု ကျွန်မတို့ ဖြစ်နေသလိုပဲ ဇနီးမောင်နှံနှစ်ယောက် အရုပ်ကလေးတစ်ရုပ်ကို အရမ်းချစ်ကြတာ။ တစ်နေ့ကျတော့ အဲဒီအရုပ် တကယ့်ကို အသက်ဝင်လာပါရောတဲ့ရှင်။ ကျွန်မတို့အရုပ်ကလေးရော အဲဒီလိုဖြစ်လာနိုင်တယ်လို့ မောင်ကြီး မထင်ဘူးလား” ဆိုပြီးတော့လည်း ကီဂျူုက သူ့ခင်ပွန်းကို မေးလိုက်ပါသတဲ့။

*

## အခန်း(၃)

နောက်တစ်နေ့မနက်လည်းကျရော ကာနာယာက ဇနီးဖြစ်သူကို အခုလိုပြောလိုက်သတဲ့။

“ကဲ… ရှင်မရေ… မောင်ကြီးတော့ တို့ကလေး တိုကူတာရိုအတွက် ထိုင်ခုံလေးတစ်လုံး လုပ်လိုက်ဦးမကွဲ့” လို့ ပြောလိုက်တော့ ကီဂျူု ကလည်း…

“ကျုပ်လည်း ကလေးအတွက် အဝတ်တွေ ချုပ်ရဦးမှာတော်” လို့ အားကျမခံ တုံ့ပြန်လိုက်သတဲ့ကွယ်။

ရင်သွေးမရလို့ ကလေးရူးရူးနေတဲ့ ဇနီးမောင်နှံနှစ်ယောက် အဖြစ်သည်းနေကြတာပေါ့ ကလေးတို့ရယ်။

ဒါနဲ့ပဲ ကလေးရူးရူးနေတဲ့ ဇနီးမောင်နှံနှစ်ယောက်ဟာ တိုကူတာရို အရုပ်ကလေးကို ရေချိုးပေးကြသတဲ့။

တကယ့်သက်ရှိကလေးကို ရေချိုးပေးသလို အရုပ်ကလေးကို သူတို့မောင်နှံ ကျကျနန ရေချိုးပေးနေကြတာပေါ့ကွယ်။

mgyoe.com

mgyoe.com


တိုကူတာရိုလေးကို ရေချိုးပေးရင်းနဲ့ သူတို့မောင်နှံ တကယ့်သက်ရှိကလေးကို စကားပြောသလို အရုပ်ကလေးကိုလည်း စကားတွေပြောကြသတဲ့ကွယ်။

"ကလေးရေ... ရေချိုးလို့ ပြီးခါနီးပါပြီ။ ချမ်းနေလား" စသည်ဖြင့်တကယ့် သက်ရှိရင်သွေးလေးကို စကားပြောသလို စကားတွေ ပြောနေကြတာပေါ့ ကလေးတို့ရယ်။ သနားစရာလည်းကောင်း၊ ပျော်စရာလည်းကောင်းတယ်နော်။

တိုကူတာရိုလေးအတွက် လုပ်ပေးထားတဲ့ ကုလားထိုင်ကို သူတို့ဇနီးမောင်နှံ မနက်စာ၊ ညစာစားရင် ထိုင်နေကျ စားပွဲနားကို ရွှေ့ပြီးအရုပ်ကလေးကိုလည်း အဲဒီကုလားထိုင်ပေါ်မှာ တင်ထားပါသတဲ့။ ဒါမှမိသားစု စုံညီစားကြသောက်ကြတယ်ဆိုတာမျိုး ဖြစ်မှာကိုး။

ဒီလိုနဲ့ ညစာစားသောက်အပြီး သူတို့ဇနီးမောင်နှံ အိပ်ဖို့ပြင်ကြပါသတဲ့။

အိပ်ရာမဝင်မီ သူတို့နှစ်ယောက်စလုံး ဂျိဇိုနတ်ဘုရားကို ကျေးဇူးတင်ကြောင်း ဝတ်ပြုဆုတောင်းကြသတဲ့။

"ဂျိဇိုအရှင်နတ်ဘုရား... တပည့်တော်တို့ဇနီးမောင်နှံကို တိုကူတာရိုရင်သွေးငယ် ချီးမြှင့်တဲ့အတွက် ပြောမပြတတ်လောက်အောင် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါတယ်ဘုရား။ အခုလိုချီးမြှင့်တဲ့အတွက် အရှင်နတ်ဘုရားကိုလည်း အရမ်းကို ကျေးဇူးတင်ပါတယ်ဘုရား" လို့ ဝတ်ပြုဆုတောင်းခဲ့ကြသတဲ့ ကလေးတို့ရေ။

သူတို့စိတ်ကူးအိပ်မက်တွေ တကယ်ဖြစ်လာပြီကိုး။

အချိန်သိပ်မကြာခင်မှာပဲ တိုကူတာရိုလေးဟာ သူတို့အတွက်တကယ့်သားတစ်ယောက်လို ဖြစ်လာပါသတဲ့ကွယ်။ ရပ်ကွက်ထဲကလူတွေရော အိမ်နီးနားချင်းတွေကပါ တိုကူတာရိုလေးကို ကာနာယာတို့ရဲ့

mgyoe.com

mgyoe.com


တကယ့်ရင်သွေးအဖြစ် အသိအမှတ်ပြုလာကြပြီး သူတို့လည်း ကလေးကို ဝိုင်းချစ်နေကြတာပေါ့ကွယ်။

ရပ်ကွက်ထဲက ကလေးတွေဆို မကြာခဏဆိုသလို ကီဂျူတို့အိမ်ကိုလာပြီး တိုကူတာရိုလေးနဲ့ ကစားကြသတဲ့ကွယ်။ တကယ့်ကလေးလေးတစ်ယောက်နဲ့ ကစားသလိုကို ကစားကြတာပေါ့။

ညဘက်အိပ်ပြီဆိုရင်လည်း တချို့အချိန်တွေမှာဆို ကာနာယာတို့ဇနီးမောင်နှံဟာ အရုပ်ကလေးကို သူတို့ရင်ခွင်ထဲထားပြီး အိပ်လေ့ရှိသတဲ့ကွယ်။ သူတို့အတွက်တော့ ဒီအရုပ်ကလေးဟာ တကယ့်သားသမီးလိုဖြစ်နေပြီကိုး။

အဲဒီလိုရင်ခွင်ထဲ ထားအိပ်ရင်းနဲ့ တစ်ညမှာတော့ တိုကူတာရိုလေးက သူ့အဖေနဲ့ အမေရဲ့ မျက်နှာကို လက်ကလေးနဲ့ စမ်းသတဲ့ကွယ်။ ပထမဆုံး သူ့လက်ကလေးနဲ့ စမ်းတာက အဖေဖြစ်သူ ကာနာယာကိုဖြစ်ပြီး ဒုတိယစမ်းတာက အမေဖြစ်သူ ကီဂျူရဲ့ မျက်နှာကိုဖြစ်သတဲ့ကွယ်။ အဖေနဲ့ အမေကတော့ ဒီလို တိုကူတာရိုလေး သူတို့မျက်နှာကိုလက်နဲ့စမ်းတာနဲ့ပတ်သက်ပြီး ဘာတစ်ခွန်းမှ ပြန်မပြောဘူးတဲ့ကွယ်။ တစ်ခွန်းဆို တစ်ခွန်းမှ ပြန်မပြောဘဲ ဒီလိုပဲ ကလေးက လက်နဲ့စမ်းတာကို ငြိမ်ခံနေကြသတဲ့ကွယ်။

ဒီလိုနဲ့ နေလာလိုက်ကြတာ တစ်ညမှာတော့ တိုကူတာရိုလေးက ကာနာယာရဲ့ လက်မောင်းကို သူ့လက်ကလေးနဲ့ လာထိသတဲ့ကွယ်။ ကာနာယာ အိပ်ပျော်နေတာဆိုတော့ လာနှိုးတဲ့သဘောပေါ့ ကလေးတို့ရယ်။

သူ့လက်မောင်းကို လက်ကလေးနဲ့ လာနှိုးသလို ဖြစ်နေတော့ ကာနာယာ မျက်စိဖွင့်ကြည့်လိုက်ပါသတဲ့။ ဒီမှာတင် သူတို့အခန်းထဲ လူစိမ်းနှစ်ယောက် ရောက်နေတာကို တွေ့လိုက်ရပါသတဲ့ ကလေးတို့ရေ။

mgyoe.com

mgyoe.com


ကာနာယာလည်း လန့်ဖျပ်သွားတာပေါ့ကွယ်။ ဟုတ်တယ်လေ၊ ညကြီးသန်းခေါင်အချိန် အိပ်ခန်းထဲ လူစိမ်းနှစ်ယောက် ရောက်နေတာ ဆိုတော့ ကလေးတို့ပဲ စဉ်းစားကြည့်လေ။ သူ့ခမျာ ဘယ်လောက်လန့် သွားမလဲဆိုတာ။ ကာနာယာလည်း ခပ်လန့်လန့်နဲ့ပဲ အခုလို မေးလိုက် ရှာသတဲ့။

"ခင်ဗျားတို့ ကျုပ်အခန်းထဲ ဘာကြောင့်ရောက်နေတာလဲ။ ခင်ဗျား တို့ ဘာလိုချင်လို့လဲ" လို့ မေးလိုက်ပါသတဲ့။

လူစိမ်းနှစ်ယောက်အနက် တစ်ယောက်က ခပ်မာမာ ခပ်တင်း တင်း လေသံနဲ့ အခုလိုပြန်ဖြေပါသတဲ့။

"ခင်ဗျားပိုက်ဆံ ကျုပ်တို့လိုချင်တယ်။ ရှိသမျှအကုန် ပေးစမ်း" လို့ ပြောလိုက်ပါသတဲ့။

ကာနာယာခမျာ အံ့အားအသင့်ကြီး သင့်သွားရှာပါသတဲ့။ ဟုတ် တယ်လေ၊ သူတို့က လက်လုပ်လက်စား လူဆင်းရဲတွေဖြစ်လို့ ဘာပိုက် ဆံမှ စုမိဆောင်းမိမရှိတာကိုး။ ဒါနဲ့ ကာနာယာလည်း ခပ်ကြောက် ကြောက်နဲ့ပဲ လူဆိုးတွေကို ပြန်ပြောလိုက်ပါသတဲ့။

"ဆရာတို့ရယ်... ကျွန်တော်တို့မှာ တစ်နေ့လုပ်မှ တစ်နေ့စား ရတာပါ။ ဘာပိုက်ဆံမှလည်း စုမိဆောင်းမိမရှိ..."

ကာနာယာရဲ့ စကားမဆုံးခင်မှာဘဲ ပိုက်ဆံတောင်းတဲ့ တစ် ယောက်က အသံဆိုးကြီးနဲ့ အခုလိုငေါက်လိုက်ပါသတဲ့။


"ဟေ့လူ... တစ်နေ့လုပ် တစ်နေ့စားတွေ ဘာတွေ ကျုပ်တို့ နား မလည်ဘူး။ ရှိတဲ့ပိုက်ဆံသာ အကုန်ထုတ်စမ်း" လို့ ငေါက်လိုက်တော့ ကာနာယာမှာ လန့်သထက် လန့်လာတာပေါ့ကွယ်။

အဲဒီအချိန်မှာပဲ အိပ်ရာထဲလှဲနေတဲ့ တိုကူတာရဲ့ အရုပ်ကလေးက ထတဲ့ပြီး ဘောက်ဆတ်ဘောက်ဆတ်နဲ့ လူဆိုးနှစ်ယောက်ထံ လျှောက်

mgyoe.com

mgyoe.com





သွားလိုက်သတဲ့ကွယ်။

ဒီလို အရုပ်က ထတဲ့ပြီး သူတို့ဆီ လမ်းလျှောက်လာတာကို မြင်တော့ လူစိမ်းနှစ်ယောက်လည်း လန့်သွားတာပေါ့ ကလေးတို့ရေ။

ဟုတ်တယ်လေ... အရုပ်က ထတဲ့ပြီး သက်ရှိလို လမ်းလျှောက်တာမျိုး သူတို့ တစ်ခါမှ မမြင်ဖူးဘဲကိုး။ ဒီမှာတင် လူဆိုးနှစ်ယောက်ဟာ တစ်ယောက်ကိုတစ်ယောက် လက်တို့တဲ့ပြီး...

mgyoe.com

mgyoe.com


"ဟာ... ဟော့ကောင်ရေ... ဒီအရုပ်က သက်ရှိလို လမ်းထလျှောက်နေတယ်ကွ။ အရုပ်က အသက်ဝင်လာပြီကွ။ ကိုယ့်လူရေ... ပြေးဟ... ပြေးဟ" ဆိုပြီး အခန်းထဲကနေ ဖနောင့်နဲ့ တင်ပါး တစ်သားတည်းကျအောင် ထွက်ပြေးသွားကြပါသတဲ့ကွယ်။

လူဆိုးတွေ ထင်တာက ကာနာယာဟာ မှော်အတတ်တတ်မြောက်သူဖြစ်ပြီး ဒီမှော်အတတ်ကြောင့်သာ အရုပ်အသက်ဝင်လာတာဖြစ်တယ်လို့ ထင်တာပါ။ ဒါမျိုး သူတို့တစ်သက်မှာ တစ်ခါမှ မမြင်ဖူးဘဲကိုး။

ဒီမှာတင် ကိုရွှေလူဆိုးနှစ်ယောက် နောက်ကျတဲ့ခြေထောက် သစ္စာဖောက်ဆိုပြီး ကာနာယာတို့ အိမ်က ထွက်ပြေးကြတာ ဖြစ်သတဲ့ ကလေးတို့ရေ။

လူဆိုးနှစ်ယောက် ထွက်ပြေးပြီးတဲ့နောက် အစောပိုင်းက လမ်းထလျှောက်တဲ့ တိုက္ကုတာရိုလေး ဘယ်ရောက်သွားသလဲလို့ ဟိုဟိုဒီဒီ အခန်းထဲ လိုက်ကြည့်တော့ အရုပ်ကလေးက အိပ်ရာပေါ် ပြန်ရောက်နေတာကို တွေ့လိုက်ရသတဲ့ကွယ်။ အိပ်ရာပေါ်မှာ အိပ်ပျော်နေတာမှ တကယ့်ကို နှစ်နှစ်ခြိုက်ခြိုက်ပဲတဲ့။

တိုက္ကုတာရိုလေး ပြန်အိပ်နေတာကို တွေ့လိုက်ရတော့ ကာနာယာက ဇနီးဖြစ်သူ ကီဂျူကို...

"ဟဲ့... ရှင်မရေ... ကြည့်စမ်း။ ငါတို့သားလေးက တကယ့်ကလေးလေးလိုပဲကွယ်။ အရုပ်နဲ့မတူဘူး" လို့ ဝမ်းသာတဲ့အသံကြီးနဲ့ ပြောလိုက်သတဲ့။

ကီဂျူကလည်း...

"ဟုတ်ပါ့ မောင်ကြီးရယ်၊ တကယ့်ကို ချစ်စရာကောင်းတဲ့ သားလေး၊ ချောချောလှလှ သားလေးပါ" လို့ ပြန်ပြောလိုက်သတဲ့။

လင်မယားနှစ်ယောက် အတိုင်အဖောက်ညီနေတာပေါ့ကွယ်။

mgyoe.com

mgyoe.com


ဒီလိုနဲ့ တစ်ညလုံး သူတို့ဇနီးမောင်နှံ သားလေး တိုကူတာရို အကြောင်း မမောနိုင် မပန်းနိုင် ပြောလိုက်ကြတာ မိုးလင်းသွားတာကို တောင် မသိလိုက်ကြဘူးတဲ့ကွယ်။

*

## အခန်း(၄)

ရက်သတ္တပတ်အနည်းငယ်ကြာတော့ တစ်ညမှာပဲ သူတို့မိသားစု အိပ်နေတုန်း တိုကူတာရိုက ခါတိုင်းလိုပဲ ကာနာယာရဲ့မျက်နှာကို သူ့ လက်ကလေးနဲ့ ထိလိုက်သတဲ့ကွယ်။ ကာနာယာကိုသာမကဘဲ အမေ ဖြစ်တဲ့ ကီဂျူရဲ့မျက်နှာကိုလည်း ထိလိုက်သတဲ့။ လင်မယားနှစ်ယောက် ဟာ လူဆင်းရဲတွေပီပီ ပင်ပင်ပန်းပန်းနဲ့ စီးပွားရှာရတာဖြစ်လို့ ညဘက်မှာ နှစ်နှစ်ခြိုက်ခြိုက်နဲ့ အိပ်နေတာဖြစ်လို့ တော်တော်နဲ့ မနိုးဘူးပေါ့ကွယ်။

တိုကူတာရိုလေး နောက်တစ်ကြိမ် သူ့မျက်နှာကို လာထိမှပဲ ကီဂျူ လည်း နိုးလာခဲ့သတဲ့။

ဆင်းရဲသူ ဆင်းရဲသားတွေရဲ့ဘဝဟာ သိပ်သနားဖို့ကောင်းတယ် နော်။ ကလေးတို့ အဲဒါကို စွဲစွဲမြဲမြဲမှတ်ထား။

တိုကူတာရိုရဲ့ လက်ကလေး နောက်တစ်ကြိမ် သူ့မျက်နှာကို လာထိမှ ကီဂျူ နိုးလာခဲ့တာဖြစ်ပြီး သူနိုးတဲ့အချိန်မှာ တွေ့လိုက်ရတာက တော့ မီးတောက်မီးလျှံကြီးတွေပဲတဲ့ကွယ်။

မီးတောက်ကြီးတွေ သူတို့အိပ်ခန်းထဲ အရှိန်ခပ်ပြင်းပြင်းနဲ့ လောင် ကျွမ်းနေတာကို တွေ့လိုက်ရတော့ ကီဂျူခမျာ လန့်သွားရှာတာပေါ့ကွယ်။ မီးတွေကလည်း တကယ့်ကိုမှ ဟုန်းဟုန်းတောက်။ ဒီမှာတင် ဘေးမှာ အိပ်နေတဲ့ ခင်ပွန်းသည် ကာနာယာကို ကီဂျူ ကမန်းကတန်း နိုးရတော့ တာပေါ့။

mgyoe.com

mgyoe.com


"ထထ ယောကျ်ားရေ... ထ...ထ... မီးတွေလောင်နေပြီ၊ မြန်မြန် ပြေးရအောင်" လို့ ရှူးရှူးပြောပြော ပြောလိုက်ပါသတဲ့။

သူပြောနေတုန်းမှာပဲ မီးဟာ ပိုအရှိန်ပြင်းလာပြီး သူတို့နှစ်ယောက် နားကိုတောင် အပူရှိန်ဟပ်လာတာဖြစ်လို့ ကာနာယာက အိပ်ရာအောက် မှာ သိမ်းထားတဲ့ ပိုက်ဆံတွေကို ကမန်းကတန်းယူ၊ ဂျီဇိုသခင်မပုံတော် ကိုလည်း မမေ့စေနဲ့လို့ ကီဂျူကို သတိပေးလိုက်ပါသတဲ့။

မီးဘေးကလွတ်အောင် တံခါးကိုဖွင့်၊ လမ်းပေါ် ပြေးထွက်လိုက် ချိန်မှာတော့ ကီဂျူတို့အိမ်လေးဟာ မီးတောက်မီးလျှံကြားတွေထဲ ပြာကျ လုနီးနီး ဖြစ်နေပါပြီ။ သူတို့မိသားစုသုံးဦးစလုံး စိတ်ထိခိုက်တဲ့ မျက်နှာ တွေနဲ့ ပြာကျလုနီးပါးဖြစ်နေတဲ့ အိမ်ကို လှမ်းကြည့်လိုက်ကြပါသတဲ့ ကွယ်။ မီးတောက်မီးလျှံကြားထဲ သူတို့အိမ်လေး ပြာကျပျောက်ကွယ်လု နီးပါး ဖြစ်နေပါပြီ။

ရွာထဲကလူတွေလည်း သူတို့အိမ် မီးလောင်တဲ့နား ရောက်လာကြ တာပေါ့။ ရွာသူရွာသားတွေထုံးစံ ဝိုင်းကူဖို့ ရောက်လာကြတာပေါ့ကွယ်။ တစ်ယောက်တစ်ပေါက်နဲ့ "ဟဲ့... ငါတို့ ဘာလုပ်ပေးရဦးမလဲ"၊ "ရေယူ ပါဟဲ့၊ ရေယူပါ" စသည်ဖြင့် ဝိုင်းမေးကြတာပေါ့ကွယ်။

အိမ်က ပြာကျလုနီးဖြစ်နေပြီဆိုတော့ ရွာသူရွာသားတွေလည်း ဘေးအိမ်ကို မကူးအောင် ဝိုင်းကူညီကြရုံကလွဲလို့ ကျန်တာ ဘာမှ မတတ်နိုင်ကြတော့ဘူးပေါ့ကွယ်။

ကာနာယာကလည်း ပြောရှာပါတယ်။

"ကျေးဇူးတင်ပါတယ် ငါ့လူတို့ရာ၊ ကိစ္စမရှိတော့ပါဘူး" လို့ ပြန် ပြောပါသတဲ့။ ဟုတ်တယ်လေ၊ အိမ်ကလည်း ပြာကျသွားပြီကိုး။

သူတို့အိမ် ပြာကျသွားပြီဆိုတော့ ကာနာယာတို့မိသားစု နေစရာ မရှိတော့ဘူးပေါ့ကွယ်။

mgyoe.com

mgyoe.com



ဇနီးသည် ကီဂျူကု...

"မောင်ကြီးရေ... ကျုပ်တို့တော့ ဒုက္ခပါပဲရှင်။ နေစရာအိမ်လည်း မရှိတော့ဘူး" လို့ ငိုရင်းပြောလိုက်ပါသတဲ့။

"ဟုတ်တာပေါ့ ရှင်မရယ်။ တို့များမှာ နေစရာအိမ်မရှိတော့ပါဘူး။ ဒါပေမဲ့ တို့နှစ်ယောက် အသက်ရှင်နေသေးတယ်လေကွယ်။ သားလေး တိုကူတာရို ကျေးဇူးကြောင့် သူ အချိန်မီနှိုးလို့ တို့နှစ်ယောက် အသက် ရှင်နေသေးတယ်လေကွယ်" လို့ ကာနာယာက ဇနီးဖြစ်သူကို နှစ်သိမ့် လိုက်ပါသတဲ့။

ဟုတ်တယ်နော်... ကလေးတို့ရေ... တိုကူတာရိုသာ သူတို့နှစ် ယောက်ကို အချိန်မီမနှိုးရင် သူတို့ မီးထဲပါပြီး အသက်ဆုံးရှုံးကြရမှာ လေ။

မီးလောင်ပြီးတဲ့နောက်မှာ တစ်ရွာလုံး တိုကူတာရိုလေးအကြောင်း ပဲ ပြောနေကြပါသတဲ့။ တိုကူတာရို အချိန်မီနှိုးလို့သာ မိဘတွေ အသက် ချမ်းသာရာရတဲ့အကြောင်း၊ ကလေးကြောင့် မိဘတွေ အသက်ရှင်ရတာ ဖြစ်ကြောင်း စသည်ဖြင့်ပေါ့ကွယ်။ တစ်ရွာလုံးပြောနေကြတာမှ မပြီး နိုင်၊ မစီးနိုင်ပေါ့။ ဝမ်းသာအားရနဲ့ ပြောနေကြတာပါ။

သူတို့အားလုံး တိုကူတာရိုလေးကို ဝိုင်းချစ်နေကြတာပေါ့ကွယ်။ မိဘတွေဆိုရင်တော့ မပြောနဲ့တော့ပေါ့။ တိုကူတာရိုလို ရင်သွေးလေး ရရှိအောင် ချီးမြှင့်ပေးခဲ့တဲ့ နတ်ဘုရားမ ဂျိဇိုကိုလည်း ညတိုင်း အချိန် မှန်မှန် သူတို့ ဝတ်ပြုကန်တော့ကြပါသတဲ့ကွယ်။

*

mgyoe.com

mgyoe.com


## အခန်း(၅)

နောက်ထပ်ငါးနှစ်ကျော်ကျော်ကြာ သူတို့လင်မယား စိတ်ကြည်လင်ချမ်းမြေ့စွာ နေထိုင်ခဲ့ကြပါသတဲ့ကွယ်။ ဒီလိုပျော်ပျော်ရွှင်ရွှင်နေလာကြရင်းနဲ့ တစ်နေ့မှာတော့ ဘယ်သူမှ မလွန်ဆန်နိုင်တဲ့ သင်္ခါရတရားကြောင့် ခင်ပွန်းသည် ကာနာယာ ကွယ်လွန်သွားခဲ့ရှာပါသတဲ့။

ခင်ပွန်းသည်ကို သိပ်ချစ်တဲ့ ကီဂျူနဲ့ ဖခင်ကို သိပ်တွယ်တာတဲ့ တိုကူတာရိတို့ ဘယ်လောက်စိတ်ထိခိုက်ခံစားရမလဲဆိုတာ ကလေးတို့ ကောင်းကောင်းကြီး သဘောပေါက်မှာပါ။

ညတိုင်းညတိုင်း သူတို့သားအမိ ငိုခဲ့ရတာပေါ့ကွယ်။ တိုကူတာရိ ငိုငိုနေတာတွေ့တော့ ကီဂျူလည်း စိတ်မကောင်းဖြစ်ရင်းကနေ အရင်ကလည်း အခုလိုပဲ သူ့သားလေး မျက်ရည်ကျခဲ့ဖူးတာကို သွားအမှတ်ရလိုက်သတဲ့။

ဟုတ်တာပေါ့... သူ အရုပ်ဆိုင်ကိုသွားပြီး တိုကူတာရိလေးကို မဝယ်နိုင်လို့ ပြန်လာတဲ့အချိန် အရုပ်ကလေးက မျက်ရည်ကျခဲ့တာလေ။ အဲဒါကို သူ ပြန်အမှတ်ရလိုက်မိပါသတဲ့။ တိုကူတာရိလေး မျက်ရည်ကျတာကိုတွေ့လို့ ဆိုင်ရှင် ဝမ်းနည်းစိတ်မကောင်းဖြစ်ပြီး သူ့ကို အရုပ်ကလေး ပေးလိုက်တာလေ။ ကလေးတို့လည်း မှတ်မိကြမှာပေါ့။

ဆိုင်ရှင်က တိုကူတာရိလေး ငိုငိုနေတာကို တွေ့လို့ သူ့ကို ပေးလိုက်တော့မှ မျက်ရည်ကျတာ ရပ်သွားတာကို ကီဂျူ ကောင်းကောင်းကြီး ပြန်မှတ်မိလိုက်သတဲ့ကွယ်။

ဒီလိုနဲ့ နှစ်ပေါင်းများစွာကြာလာတော့ ကီဂျူလည်း အဘွားကြီးဖြစ်သွားပြီပေါ့ကွယ်။ အသက်အရွယ်ကြီးရင့်ခြင်းဆိုတဲ့ ဇရာကို ဘယ်သူမှ မရှောင်နိုင်ဘူးဆိုတာ ကလေးတို့လည်း ကြီးလာရင် သိလာမှာပါ။ ကီဂျူသာ အဘွားကြီးဖြစ်သွားပေမဲ့ တိုကူတာရိလေးကတော့ အရင်လို

mgyoe.com

mgyoe.com


ပဲ။ အရင်ရုပ်နဲ့ အရင်အရွယ်ပဲတဲ့ကွယ်။ ကြီးရင့်လာတာမျိုး မရှိဘူးတဲ့။ ချောချောလှလှလေးနဲ့ ချစ်စရာကောင်းတဲ့ တိုကူတာရိလေးပေါ့ကွယ်။

တစ်နေ့မှာတော့ ဘယ်သူမှ မရှောင်လွှဲနိုင်တဲ့ သင်္ခါရတရား အတိုင်း ကီဂျူတစ်ယောက် ကွယ်လွန်သွားရှာပါသတဲ့။ အသက်က လည်းကြီးပြီလေ။ ဘွားဘွား ကီဂျူဟာ တိုကူတာရိလေးကို ရင်ခွင်မှာ ပိုက်ပြီး ကွယ်လွန်သွားခဲ့ရှာတာပါ။ ကီဂျူ ကွယ်လွန်တော့ တစ်ရွာလုံး သူတို့အိမ်ကို ရောက်လာကြတာပေါ့လေ။ ကီဂျူ့နာရေးကိစ္စ ဆောင်ရွက် ဖို့ရယ်၊ တိုကူတာရိလေး ဘယ်လိုအခြေအနေရှိသလဲ လာကြည့်ကြတာ ပါ။

ဒါပေမဲ့ တိုကူတာရိလေးကို အဲဒီမှာ သူတို့ မတွေ့ရပါဘူး။ ဘယ်မှာမှလည်း မတွေ့ရတော့ပါဘူး။ ရွာသူရွာသားတွေလည်း ကလေး လေး ဘယ်ရောက်သွားသလဲဆိုပြီး "တိုကူတာရို" "တိုကူတာရို" နဲ့ နာမည်ကို အော်ဟစ်ကာ လိုက်ရှာကြသတဲ့ကွယ်။

တိုကူတာရိလေး ဘယ်ရောက်သွားသလဲဆိုတော့ အရုပ်ဆိုင်လေး တစ်ဆိုင်ထဲမှာ ရောက်နေပါသတဲ့။ သူ့ကို ဘယ်သူလာဝယ်မလဲ စောင့် မျှော်နေတာပေါ့ကွယ်။ ဘယ်ဇနီးမောင်နှံများ သူ့ကို လာဝယ်ကြမလဲ၊ ဘယ်လိုစိတ်ချမ်းမြေ့ ပျော်ရွှင်တဲ့ ဇနီးမောင်နှံလက်ထဲ သူရောက်သွား မလဲ။ မသိနိုင်ဘူးပေါ့ ကလေးတို့ရေ။

❖

mgyoe.com

mgyoe.com

# မသေဆေး

## အခန်း(၁)

တောအုပ်တစ်ခုထဲကို ယွန်ဆိုတဲ့ လူငယ်လေး ရောက်နေပါသတဲ့ ကွယ်။ တောအုပ်ထဲမှာ သာသာယာယာနဲ့ ရှုခင်းတွေ ကြည့်နေတုန်း ယွန်တစ်ယောက် ခေါ်သံကြားလိုက်ရပါသတဲ့။

"ဟေ့သူငယ်" "ဟေ့သူငယ်" ဆိုတဲ့ခေါ်သံ ကြားလိုက်ရတာပါ။ တောအုပ်ထဲမှာ စမ်းချောင်းလေးတစ်ခု ဖြတ်စီးနေပြီး အဲဒီစမ်းချောင်းဘေးမှာ သူရောက်နေတော့ ယွန့်စိတ်ထဲ ဇဝေဇဝါဖြစ်မိပါသတဲ့။ စမ်းချောင်းလေးရဲ့ ရေစီးသံတွေလား၊ တောအုပ်လေးရဲ့ သစ်ရွက်လှုပ်သံလား စိတ်ထဲ ထင်မိတာပေါ့ ကလေးတို့ရေ။

ဒါနဲ့ သေသေချာချာ နားထောင်ကြည့်လိုက်တော့မှ "သူငယ်လေး" "သူငယ်လေး" နဲ့ သူ့ကို ခေါ်နေတာဖြစ်ကြောင်း ယွန် သိလိုက်ရသတဲ့။

ဒါနဲ့ ယွန်လည်း ဘေးပတ်ချာလည်ကို လိုက်ကြည့်တာပေါ့ကွယ်။ ဒီတောထဲလာပြီး ဘယ်သူများ ငါ့ကို ခေါ်နေပါလိမ့်ဆိုတဲ့ သိချင်စိတ်

mgyoe.com

mgyoe.com



နဲ့ပေါ့။

ဟော... တွေ့ပါပြီဗျာ... သစ်ပင်တွေရဲ့ဘေးမှာ လူကြီးတစ်ယောက်၊ သူ့ကို လှမ်းခေါ်နေတာ။ လူကြီးက ထောင်ထောင်မောင်းမောင်းကြီးနဲ့၊ မျက်လုံးတွေကလည်း တခြားလူတွေကို အနက်တို့၊ အပြာရောင်တို့မဟုတ်ဘဲ စိမ်းစိမ်းကြီး။ မျက်လုံးစိမ်းစိမ်းနဲ့ ထောင်ထောင်မောင်းမောင်းလူကြီးကို တွေ့လိုက်ရတော့ ယွန်နို့ခများ စိတ်ထဲမှာ ဒိတ်ခနဲတောင် ဖြစ်လိုက်မိပါရဲ့။

ဟုတ်တယ်လေ... ကလေးတို့လည်း ယွန်နို့နေရာမှာဆို ယွန်နို့လိုပဲ ကြောက်မိမှာပဲ။ ထောင်ထောင်မောင်းမောင်း မျက်လုံးစိမ်းစိမ်းနဲ့ လူကြီးက ကိုယ့်ကို လှမ်းခေါ်နေတာကို ဘယ်သူ မလန့်ဘဲနေမလဲ။ ပြီးတော့ တောကြီးမျက်မည်းထဲမှာလေ။

ဒါနဲ့ ယွန်လည်း ကြောက်စိတ်ကို အသာဘေးဖယ်ပြီး အဲဒီလူကြီးနား ကပ်သွားလိုက်ပါသတဲ့။

အနားရောက်တော့ အဲဒီလူကြီးက သူ့ကိုယ်သူ မိတ်ဆက်လိုက်ပါသတဲ့။

"သူငယ်လေးရေ... မကြောက်ပါနဲ့ကွ။ ငါ့နာမည်က ကားလို့စ်ပါ။ ငါက ဘာစီလိုနာမြို့က လာခဲ့တာပါ"

ဘာစီလိုနာမြို့ဆိုတာက စပိန်နိုင်ငံမှာ ရှိတာပါကလေးတို့ရေ။ ဥရောပရဲ့ မြို့ကြီးတစ်မြို့ဖြစ်ပြီး သူတို့မြို့ခံ ဘောလုံးကလပ်အသင်း ဘာစီလိုနာကြောင့်လည်း လူသိများတယ်လေ။ ဘောလုံးဝါသနာပါတဲ့ သားသားတို့အကြိုက် မက်ဆီ ကစားနေတဲ့ ကလပ်အသင်းလေ။ အဲဒီ ကလပ်အသင်းအခြေစိုက်မြို့၊ အဲဒါ ဘာစီလိုနာမြို့ပါ။

ယွန်ကလည်း ဗဟုသုတနဲ့ပြည့်စုံတာဆိုတော့ ဘာစီလိုနာမြို့ဆိုတာ အဝေးကြီးမှာဆိုတာကို သူ ကောင်းကောင်းသိတယ်လေ။ ဒါ့ကြောင့်

mgyoe.com

mgyoe.com


လူစိမ်း မျက်လုံးစိမ်းကြီးကို ပြန်မေးပြောလေး ပြောလိုက်ပါသတဲ့။

"ဟင်... ဘာစီလိုနာဟုတ်လား၊ ဘာစီလိုနာဆိုတာက ဟိုးအဝေးကြီးမှာ ရှိတာလေ"

"ဟုတ်တယ်လေ... ဦးက အဲဒီအဝေးကြီးကလာတာပါ။ ဘာစီလိုနာကပါ" လို့ လူစိမ်းကြီးက ပြန်ဖြေပါတယ်။

"လူတစ်ယောက်ကို ဦး လိုက်ရှာနေတာပါ သူငယ်လေးရ။ အဘိုးကြီးတစ်ယောက်၊ အဲဒီအဘိုးကြီးကို ဦးလိုက်ရှာနေတာပါ" လို့လည်း ထပ်ပြောလိုက်ပါသတဲ့။

ယွန်က အခုလိုပြန်ဖြေလိုက်ပါသတဲ့။

"ကျွန်တော်တို့ဆီမှာ အဘိုးကြီးတွေ အများကြီးရှိတာပဲ ဦးလေးရာ၊ ဦးလေးရှာတဲ့ အဘိုးကြီးကို ဘယ်လိုရှာရမှန်း..."

"ဟုတ်ပါတယ် ငါ့လူရဲ့၊ မင်းတို့ဆီမှာ အဘိုးကြီးတွေအများကြီး ရှိမှန်း ဦးသိပါတယ်။ ဒါပေမဲ့ ဦး လိုက်ရှာနေတဲ့ အဘိုးကြီးက မင်းတွေ့နေ မြင်နေကျ အဘိုးကြီးတွေလို မဟုတ်ဘူး။ အရမ်းကို အသက်ကြီးနေတဲ့၊ အရမ်း အရမ်းကို အသက်ကြီးနေတဲ့ အဘိုးကြီး" လို့ အဲဒီ ထောင်ထောင်မောင်းမောင်း ဆရာသမားကြီးက ပြန်ဖြေလိုက်သတဲ့။

"လူတွေက ပြောကြတာကတော့ အဲဒီအဘိုးကြီးဟာ ဘယ်တော့မှ မသေနိုင်ဘူး၊ ဘာ့ကြောင့်မှ မသေနိုင်ဘူးလို့..."

"ဟုတ်ပြီ၊ ဟုတ်ပြီ... ဦးလေးကြီး... အဲဒီဘိုးဘိုးကြီးကို ကျွန်တော် မှတ်မိပြီ။ သက်တော်ရှည်ဘိုးဘိုးကြီးပေါ့။ အဲဒီဘိုးဘိုးကြီးက အဲဒီမှာနေတာ။ အဲဒီ ဟိုတောင်ကြီးပေါ်မှာနေတာ၊ ကျွန်တော်သိတယ်" လို့ လူစိမ်းကြီးကိုပြန်ပြောလိုက်သတဲ့။

"အဲဒီတောင်ကြီးပေါ်က ဟိုအိမ်လေးလေ၊ ဦးလေး တွေ့လား။ အဲဒီအိမ်သေးသေးလေး။ ဟိုမှာကြည့်... သေးသေးလေးလေ။ အဲဒီအိမ်၊

mgyoe.com

mgyoe.com


အဲဒီအိမ်။ ဟော… ဟိုမှာတွေ့လား။ မိန်းမတစ်ယောက်တောင် အဲဒီအိမ်ထဲဝင်သွားတယ်။ ဟိုမှာလေ ဦးလေးရ၊ တွေ့လား… ဟောဟိုမှာ… ဟောဟိုမှာ…" လို့လည်း ရှင်းပြလိုက်ပါသတဲ့။

"အဲဒီအိမ်ထဲ ဝင်သွားတဲ့ အမျိုးသမီးက ဘယ်သူလဲကွ ငါ့တူကြီးရ" လို့ လူစိမ်းကြီးက ပြန်မေးလိုက်ပါတယ်။

ယွန်ကလည်း လူစိမ်းကြီးကို အဲဒီအမျိုးသမီးနဲ့ပတ်သက်ပြီး စိတ်ရှည်လက်ရှည် ရှင်းပြလိုက်ပါတယ်။

"အဲဒီအမျိုးသမီးက ရွာထဲမှာနေတာလေ။ နေ့တိုင်းနေ့တိုင်း အဲဒီအဘိုးကြီးစားဖို့ ညနေစာ သွားသွားပို့နေတာ။ အဘိုးကြီးက အတော်နေမကောင်းဖြစ်နေတာ ဦးလေးရာ" လို့ ပြောလိုက်ပါတယ်။

"ပြောရမယ်ဆိုရင်တော့ ဦးလေးရာ… အဘိုးကြီးက အသက်လည်း တအားကြီးနေပြီ။ ဆေးပေးမီးယူ ဇနီးမယားလည်းမရှိ၊ ကျောထောက်နောက်ခံ သားသမီးလည်းမရှိ၊ မိတ်ဆွေသူငယ်ချင်းဆိုတာလည်း နတ္ထိနဲ့ တကယ့်ကို အထီးကျန်အဘိုးကြီး" ပါလို့လည်း ရှင်းပြလိုက်ပါသေးတယ်။

"သူတို့အကုန်လုံး သေကုန်ပြီဗျ၊ အဘိုးကြီးရဲ့ ဇနီးမယား၊ ဆွေမျိုးသားချင်းနဲ့ မိတ်ဆွေသူငယ်ချင်းတွေ၊ အကုန်ဆိုမှ အကုန်သေကုန်ကြပြီဗျ။ ဘယ်သူမှမရှိတော့ဘူး၊ အဘိုးကြီးတစ်ယောက်တည်းသာ ငေါင်စင်းစင်းနဲ့။ သနားစရာပါဗျာ" လို့လည်း ယွန်က ဆက်ပြောလိုက်ပါသေးတယ်။

လူစိမ်းကြီးလည်း ယွန် ပြောတာကို ကျကျနန နားထောင်ပြီး ခေါင်းတညိတ်ညိတ်နဲ့ အခုလို ပြောလိုက်ပါသတဲ့။

"ဟုတ်ပါပြီ၊ ဟုတ်ပါပြီ… ငါ့တူရေ… အခုလို ပြည့်ပြည့်စုံစုံ ရှင်းပြလို့ ငါ့တူကြီးကို ကျေးဇူးတင်ပါတယ်။ ဦးလေး အဲဒီအဘိုးကြီးကို

mgyoe.com

mgyoe.com





သွားတွေ့လိုက်ပါမယ်” လို့ ပြန်ပြောပါသတဲ့။

အဲဒီမှာတင် ယွန်က ပျာပျာသလဲနဲ့ အခုလိုတားလိုက်ပါသတဲ့။

“ဟာ... ဦးလေး၊ ဦးလေး၊ မသွားနဲ့... မသွားနဲ့၊ သွားမတွေ့နဲ့” လို့ တားလိုက်ပါတယ်။

ကားလို့စ်လည်း အံ့အားတသင့်နဲ့ လည်ပြန်ကြည့်လိုက်ပြီး အခုလို မေးလိုက်ပါတယ်။

“ဘာဖြစ်လို့လဲ ငါ့တူရဲ့၊ ဘာလို့ ငါက သွားမတွေ့ရမှာလဲ” လို့ မေးလိုက်တာပါ။

“အဲဒီအဘိုးကြီးက ကျွန်တော်တို့နဲ့ တူတာမဟုတ်ဘူးဗျ။ ကျွန်

mgyoe.com

mgyoe.com


တော်တို့ပြောတဲ့စကားမျိုး သူ မပြောဘူး။ သူ ကျွန်တော်တို့ကို ပြော တော့ ပြောတာပဲ။ ဒါပေမဲ့ သူ ဘာပြောမှန်း ကျွန်တော်တို့ ဘယ်သူမှ နားမလည်ဘူး။ ဘယ်သူတစ်ယောက်မှ သူပြောတာကို နားမလည်ကြ ဘူး။ သူကလည်း ကျွန်တော့်အထင်ပေါ့ဗျာ၊ အထင်ကိုပြောတာပါ။ အဲဒါ တစ်ခုကိုပဲ ထပ်ခါတလဲလဲပြောနေတာ။ သူကလည်း ထပ်ခါ တလဲလဲ ပြော၊ ကျွန်တော်တို့ကလည်း သူ ဘာပြောမှန်း နားမလည်နဲ့၊ တကယ့်ကို ခွတီးခွကျပါဦးလေးရာ" လို့ ယွန်က ရှင်းပြပါတယ်။

"သူကိုတွေ့မှဖြစ်တော့မယ် ငါ့တူကြီးရေ... ကဲ... ဦးလေးကို ခွင့်ပြု ဗျာ" ဆိုပြီး လူစိမ်းကြီး သုတ်သုတ်သုတ်သုတ်နဲ့ ထွက်သွားသတဲ့။

*

## အခန်း(၂)

လူစိမ်းကြီး ကားလို့စ် တောင်ကြောတစ်လျှောက် တက်သွားပြီး ထူးဆန်းတဲ့ အဘိုးကြီးအိမ်ကို ရောက်သွားပါသတဲ့။ ဟိုရောက်တော့ အိမ်ရှေ့တံခါး ဖွင့်ထားတာကို တွေ့လိုက်ရတော့ တွန်းဝင်သွားတာပေါ့ ကွယ်။ တံခါးတွန်းဖွင့်ပြီးဝင်သွားတော့ ဦးလေးကြီး ကားလို့စ် တွေ့လိုက် ရတာက အဘိုးကြီးတစ်ဦး၊ အဘိုးကြီးဆိုတာမှ တကယ့်ကို အလွန့် အလွန် အသက်အရွယ်အိုမင်းရင့်ရော်နေတဲ့ အဘိုးကြီး။

အရမ်းလည်း အသက်ကြီးပြီး အလွန်လည်း နာမကျန်းဖြစ်နေတဲ့ အဘိုးကြီး၊

သနားစရာအဘိုးကြီး၊

အထီးကျန်နေတဲ့ အဘိုးကြီး။

အဲဒီအဘိုးကြီးကို ကားလို့စ် တွေ့လိုက်ရပါသတဲ့ ကလေးတို့ ရေ။

mgyoe.com

mgyoe.com



ကားလို့စ်က အဘိုးကြီးကို ယဉ်ယဉ်ကျေးကျေးနဲ့ အခုလို ပြော လိုက်ပါသတဲ့။

"ဘိုးဘိုးကြီးနဲ့ ကျွန်တော် စကားပြောချင်ပါတယ်ခင်ဗျာ။ ဘိုးဘိုး ကြီးနားကို ကျွန်တော် လာလို့ရပါသလားခင်ဗျာ" လို့ ယဉ်ယဉ်ကျေး ကျေးနဲ့ မေးလိုက်ပါသတဲ့ကွယ်။

ဘိုးဘိုးကြီးက တစ်ခုခုတော့ ပြန်ပြောလိုက်သတဲ့ကွယ်။ ဒါပေမဲ့ သူ ဘာပြောသလဲ ကားလို့စ် ကောင်းကောင်းနားမလည်ပါဘူး။

ဘာဖြစ်လို့လဲဆိုတော့ ဘိုးဘိုးကြီးပြောတဲ့စကားက စပိန်ဘာသာ စကား မဟုတ်လို့ပါ။ ပုံပြင်အစပိုင်းမှာ ရေးထားသလိုပဲ ကားလို့စ်ဟာ စပိန်လူမျိုးဖြစ်လေတော့ စပိန်မဟုတ်တဲ့ ဘာသာစကားကို သူ နား မလည်နိုင်ဘူးလေ။ ကလေးတို့ ဒါကို သဘောပေါက်ကြမှာပါ။

အရမ်းအရမ်းကိုမှ တကယ့်ကိုမှ အရမ်းအရမ်းကို ရှေးကျတဲ့ ဘာသာစကားကို ဘိုးဘိုးကြီးက ပြောတာလေ။

ဒီမှာတင် ကားလို့စ်လည်း ခေတ္တရပ်တန့်စဉ်းစားပြီးမှ ဘိုးဘိုးကြီး ကို ပြန်ပြောလိုက်ပါတယ်။

"ဟယ်လို... ဘိုးဘိုးကြီးခင်ဗျား... ကျန်းခန့်သာလို့ မာပါစ" လို့ ကားလို့စ်က နှုတ်ဆက်လိုက်ပါတယ်။

ကားလို့စ်ရဲ့ နှုတ်ဆက်စကားကို ကြားလိုက်ရတော့ ဘိုးဘိုးကြီး ခမျာ ဝမ်းသာလွန်းလို့ မျက်ရည်တွေတောင် သွင်သွင်စီးကျလာပါသတဲ့ ကလေးတို့ရေ...။

ကလေးတို့ စဉ်းစားကြည့်လေ၊ သူပြောတဲ့ဘာသာစကားကို နား လည်တဲ့သူ ပေါ်လာပြီကိုး။ ဒါ့ကြောင့် ဘိုးဘိုးကြီး ဘယ်လောက်ဝမ်း သာသွားမလဲဆိုတာ ကလေးတို့ စဉ်းစားကြည့်ရင် သိနိုင်ပါတယ်။

"လူလေးက ငါပြောတဲ့ ဘာသာစကားကို ပြောတယ်... ဟုတ်စ၊

mgyoe.com

mgyoe.com


ငါပြောတဲ့ ဘာသာစကားကို နားလည်တယ်ဟုတ်စ” လို အသံတုန်တုန် ယင်ယင်ကြီးနဲ့ ပြောလိုက်ပါသတဲ့ကွယ်။

“နားလည်ပါတယ် ဘိုးဘိုးကြီး၊ ဘိုးဘိုးပြောတဲ့ ဘာသာစကား ကို ကျွန်တော် နားလည်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်က တက္ကသိုလ်မှာ ရှေးဟောင်းဘာသာစကား သင်ယူလာခဲ့လို့ပါခင်ဗျ။

ဒါနဲ့ တဆိတ်လောက် ဘိုးဘိုးရယ်... ကျွန်တော် မေးပါရစေ။ ကျွန်တော် သင်ယူခဲ့တာက ရှေးဟောင်းဘာသာစကား၊ ဟိုလွန်လေပြီး သော ပဝေသဏီအခါက လူသားတွေ ပြောကြတဲ့ ဘာသာစကား။ အဲဒီဘာသာစကားကို ဘိုးဘိုးကြီး ဘယ်လိုတတ်မြောက်ပါသလဲ ခင်ဗျ” လို့ ကားလို့စ်က ပြန်မေးလိုက်ပါသတဲ့။

အဲဒီမှာ ဘိုးဘိုးကြီးလည်း သက်ပြင်းကြီးတစ်ချက် ခပ်ရှည်ရှည် ချလိုက်ရင်းနဲ့ အခုလို ပြောလိုက်ပါသတဲ့။

“ကဲ... ငါ့မြေးရေ... ဘိုးဘိုးကြီး ဇာတ်စုံခင်းပြပါတော့မယ်။ ငါ့မြေး စိတ်ရှည်ရှည်နဲ့ နားထောင်ပေတော့” လို့ ပြောလိုက်တာပါ။

*

## အခန်း(၃)

“ကိုယ်ဟာ ကြွယ်ဝချမ်းသာသူတစ်ယောက် ဖြစ်ပါတယ် ကလေး ရယ်။ ချမ်းသာကြွယ်ဝသူတွေရဲ့ ထုံးစံအတိုင်း ကိုယ်ဟာ ကိုယ့်ဘဝ ကြီးကို ချစ်တယ်၊ ကိုယ့်နေဥစ္စာကို ချစ်တယ်၊ အရာရာကို ချစ်တယ်ပေါ့ ကွယ်။

ဒီလို သာသာယာယာနဲ့ နေလာရင်း တစ်ညနေမှာ လူစိမ်းတစ် ယောက် ကိုယ့်အိမ်ကို ရောက်လာသကွဲ့။

အဲဒီလူစိမ်းက ဘိုးဘိုးကို ဘာပြောသလဲဆိုတော့...

‘အပြင်မှာ မိုးတွေရွာနေပါတယ် မိတ်ဆွေ၊ ရာသီဥတုက စွတ်စွတ်

mgyoe.com

mgyoe.com



စိုစိုနဲ့ ကျွန်တော်လည်း ချမ်းစိမ့်စိမ့်ဖြစ်နေပါတယ်။ အိမ်ထဲကို ဝင်ပါရစေ ခင်ဗျာ' လို့ ပြောသကွဲ့။

ဒါနဲ့ ဘိုးဘိုးလည်း အဲဒီလူစိမ်းကို ဝင်ပါလို့ ခွင့်ပြုလိုက်တာပေါ့ ကွယ်။ သူ့ခမျာလည်း ကြွက်စုတ်လေးလို ဖြစ်နေပြီကိုး။ တစ်ကိုယ်လုံး မိုးရေတွေ စိုရွှဲပြီး တုန်တုန်ယင်ယင်နဲ့။ ဧည့်ခန်းထဲလည်း ရောက်ရော အဲဒီ ကိုလူစိမ်းက ဟိုဟိုဒီဒီလျှောက်ကြည့်ပါသကွဲ့။ ဘိုးဘိုးက လူချမ်းသာတစ်ယောက်ဆိုတော့ ဧည့်ခန်းကို လှလှပပပစ္စည်းလေးတွေ၊ ပန်းချီပန်းပုတွေနဲ့ ကျကျနန သထားတာကိုး။

ဟိုဟိုဒီဒီ လျှောက်ကြည့်ပြီးမှ အဲဒီလူစိမ်းက စကားစလာပါတယ်။

'ခင်ဗျားဧည့်ခန်းကလည်း သားနားလိုက်တာဗျာ၊ အလှအပပစ္စည်းတွေအကုန်လုံး ခင်ဗျားဆီမှာ ရှိနေသလိုပဲ' လို့ ချီးကျူးလိုက်ပါတယ်။

ပြီးတော့ 'ခင်ဗျားဆီမှာ အကုန်ရှိတာပဲဗျာ' လို့လည်း စကားဆက်လိုက်ပါသေးတယ်။

ဘိုးဘိုးကလည်း အခုလိုတုံ့ပြန်လိုက်ပါတယ်။

'နိုး၊ နိုး မဟုတ်ပါဘူးဗျာ၊ မရှိပါဘူး။ ခင်ဗျားစကား မှားပါတယ်။ ကျွန်တော့်ဆီမှာ အရာရာမရှိပါဘူးဗျာ' လို့ တုံ့ပြန်လိုက်တာပါ။

သူကလည်း ဘိုးဘိုးကို အခုလိုပြန်မေးလိုက်သကွဲ့။

'ခင်ဗျားမှာ ဘာမရှိတာလဲ၊ ဘာမပြည့်စုံတာလဲ' လို့ ဘိုးဘိုးကို ခပ်စိန်းစိန်းကြည့်ရင်း မေးလိုက်တာပါ။

'ဘာမပြည့်စုံရမလဲ၊ ဘာမရှိရမလဲဗျာ။ ဘဝပေါ့ဗျ၊ ဘဝ၊ ဘဝ။ ကျုပ် အင်မတန်ခင်တွယ်တဲ့ ဟောဒီဘဝ၊ ကျုပ် အင်မတန်နှစ်သက်မြတ်နိုးတဲ့ ဟောဒီဘဝ' လို့ မချိတင်ကဲနဲ့ အဲဒီလူစိမ်းကို ပြန်ပြောလိုက်ပါတယ်။

mgyoe.com